စိုက်ပျိုးရေး၊မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန
စီမံကိန်းဦးစီးဌာန

# စိုက်ပျိုးစီးပွားသတင်းလွှာ

အမှတ်စဉ် ( ၅/ ၂၀၂၃) ၂၀၂၃ ခုနှစ်၊ မေလ(၂၅) ရက်

| ၂၅-၅-၂၀၂၃ | |
|---|---|
| ငွေကြေး အမျိုးအစား | ငွေလဲလှယ်နှုန်း (ကျပ်) |
| ဒေါ်လာ | ၂၁၀၀.၀ |
| ယူရို | ၂၂၅၃.၀ |
| စင်္ကာပူဒေါ်လာ | ၁၅၅၂.၉ |
| စတာလင်ပေါင် | ၂၅၉၈.၈ |
| ဂျပန်ယန်း (၁၀၀) | ၁၅၀၅.၄ |
| တရုတ်ယွမ် | ၂၉၇.၀၈ |
| ဟောင်ကောင် ဒေါ်လာ | ၂၆၈.၁၅ |
| အိန္ဒိယရူပီး | ၂၅.၃၇၉ |
| ကိုရီးယားဝမ် (၁၀၀) | ၁၅၈.၂၄ |
| မလေးရှား ရင်းဂစ် | ၄၅၄.၀၀ |
| ဖိလစ်ပိုင်ပီဆို | ၃၇.၅၀၇ |
| ထိုင်းဘတ် | ၆၀.၆၇၆ |
| ဗီယက်နမ်ဒေါင် (၁၀၀) | ၈.၉၄၅၇ |

လယ်ယာစီးပွားနှင့်
ကုန်သွယ်မှုဌာနခွဲ၊
စီမံကိန်းဦးစီးဌာန
ရုံးအမှတ် (၁၅)
ဖုန်း-၀၆၇-၃၄၁၀၆၈၄
Email-
misdop.moali@gmail.com

## သတင်းခေါင်းစဉ်များ

- **စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရေထွက်ပစ္စည်းဆိုင်ရာသတင်းများ**

➢ တရုတ်နိုင်ငံသည် ဗီယက်နမ်နိုင်ငံမှ ပီလောပီနံကို အမေရိကန်ဒေါ်လာ သန်း (၄၀၀) ဖိုးခန့် ဝယ်ယူခဲ့ကြောင်း

➢ တရုတ်နိုင်ငံသည် အမေရိကန်မှ ပြောင်းတင်သွင်းမှုကို ပယ်ဖျက်နိုင်ကြောင်း

➢ တရုတ်နိုင်ငံသည် တောင်အာဖရိကမှ ပြောင်းကို ပထမဆုံး ဝယ်ယူခဲ့ခြင်း

➢ အိန္ဒိယနိုင်ငံသည် ဘရာဇီးနိုင်ငံမှ မတ်ပဲ တင်သွင်းနိုင်ရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိ

➢ အိန္ဒိယကုန်သည်များက စားသုံးသူများအား ပဲစဉ်းငုံအစား တခြားပဲအမျိုးအစားများအား ပြောင်းလဲစားသုံးစေလို

➢ မြေဩဇာ (ပုလဲဓာတ်မြေဩဇာ မပါ) အတွက် ရူပီးငွေသန်းပေါင်း သုံးသိန်းရှစ်သောင်း ထောက်ပံ့ပေးမည်ဟု အိန္ဒိယအစိုးရအဖွဲ့က အတည်ပြု

- **အထွေထွေသတင်းများ**

➢ တရုတ်-အာဆီယံ ကုန်းမြေ-ပင်လယ်ရေကြောင်း ကုန်သွယ်ရေးစင်္ကြံသစ်သည် ကြီးမားသော အားသာချက်ကို ပြသလျက်ရှိကြောင်း

➢ တရုတ်နိုင်ငံသည် RCEP အောက်မှ ပင်ရင်းနိုင်ငံသက်သေခံလက်မှတ်ပေါင်း(၂၀၀,၀၀၀) ကျော်ကို ထုတ်ပေးခဲ့

- RCEP နှင့် Bilateral FTA များသည် ကမ္ဘောဒီးယားတွင် ရင်းနှီးမြှုပ်နှံသူများအတွက် ပိုမိုအဆင်ပြေသော ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုအခွင့်အလမ်းများကို ဖန်တီးပေးလျက်ရှိ
- အိန္ဒိယနှင့် အီဂျစ် ယှဉ်ပြိုင်မှုကော်မရှင် အဖွဲ့အစည်းအများအကြားနားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးရန် အတည်ပြုချက်ရရှိ
- အိန္ဒိယနိုင်ငံတွင် ရူပီး ၂၀၀၀ တန်ငွေ စက္ကူများအား ပြန်လည်သိမ်းဆည်းခြင်းသည် စီးပွားရေးကို ထိခိုက်ခြင်း ရှိမည်မဟုတ်ကြောင်း ယခင်ဘဏ္ဍာရေး အတွင်းရေးမှူးက ပြောကြား

# တရုတ်နိုင်ငံသည် ဗီယက်နမ်နိုင်ငံမှ ပီလောပီနံကို အမေရိကန်ဒေါ်လာ သန်း (၄၀၀)ဖိုးခန့် ဝယ်ယူခဲ့ကြောင်း

ယခုနှစ် ပထမလေးလအတွင်း တရုတ်နိုင်ငံသည် ဗီယက်နမ်နိုင်ငံမှ ပီလောပီနံတန်ချိန် (၁) သန်းကျော် တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာ (၃၉၇) သန်းကျော်ကို ဝယ်ယူခဲ့ပြီး ဗီယက်နမ်နိုင်ငံမှ ပီလောပီနံကို တင်သွင်းမှုအများဆုံးနိုင်ငံဖြစ်လာခဲ့ကြောင်း ဗီယက်နမ်အထွေထွေအကောက်ခွန် ဦးစီးဌာနမှ ထုတ်ပြန်သော စာရင်းများအရ သိရှိရပါသည်။

ဗီယက်နမ်နိုင်ငံသည် ဧပြီလတစ်လတည်းတွင် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ပီလောပီနံနှင့် ပီလောပီနံအခြေခံထွက်ကုန် (၁၈၉,၈၂၀)တန်၊ တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာ (၇၆.၀၃) သန်းကို တင်ပို့ခဲ့ပြီး ၂၀၂၂ ခုနှစ်၊ ဧပြီလနှင့် နှိုင်းယှဉ်ပါက တန်ချိန်အားဖြင့် (၁၉.၅)ရာခိုင်နှုန်းနှင့် တန်ဖိုးအားဖြင့် (၂၇.၄)ရာခိုင်နှုန်း အသီးသီးကျဆင်းခဲ့ကြောင်း သိရှိရပါသည်။ ပီလောပီနံနှင့် ပီလောပီနံအခြေခံထွက်ကုန်များ၏ ပျမ်းမျှဈေးသည် တစ်တန်လျှင် အမေရိကန်ဒေါ်လာ(၄၀၀.၆)ရှိပြီး မတ်လနှင့်နှိုင်းယှဉ်ပါက (၄.၆)ရာခိုင်နှုန်း တိုးလာသော်လည်း ယခင်နှစ်ကာလတူထက် (၉.၉)ရာခိုင်နှုန်း ကျဆင်းခဲ့ကြောင်း သိရှိရပါသည်။

ယခုနှစ် ပထမလေးလတွင် ဂျပန်နိုင်ငံသို့ ပီလောပီနံ တန်ချိန်(၂၂၈၀)၊ တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာ (၁.၁၆)သန်းကို တိုးမြှင့်တင်ပို့နိုင်ခဲ့ပြီး ယခင်နှစ်ကာလတူထက် တန်ချိန်အားဖြင့် (၃၃၅၇)ရာခိုင်နှုန်းနှင့် တန်ဖိုးအားဖြင့် (၁၇၄၂)ရာခိုင်နှုန်း ရုတ်ချည်းမြင့်တက်လာကြောင်း သိရှိရပါသည်။

ဗီယက်နမ်စက်မှုနှင့် ကုန်သွယ်ရေးဝန်ကြီးဌာနအောက်ရှိ ပို့ကုန်သွင်းကုန်ဌာနမှ အသေးစိတ်ဖော်ပြချက်အရ ရုရှား-ယူကရိန်း ပဋိပက္ခကြောင့် ပြောင်းနှင့် ဂျုံ၏ ရောင်းလိုအားနှင့် ဈေးနှုန်းကို ကြီးမားစွာ သက်ရောက်မှုရှိကြောင်း သိရှိရပါသည်။

အသိသာဆုံးမှာ ဖွံ့ဖြိုးပြီးနိုင်ငံများသည် အီသနော‌မှ သန့်ရှင်းသောစွမ်းအင်ကို ပြောင်းလဲအသုံးပြုလာကြပြီး ယင်းတို့အနက် ပီလောပီနံသည် ဓာတ်ဖန်တီးရာတွင် အသုံးပြုသည့် အရေးကြီးကုန်ကြမ်းများထဲမှ တစ်ခုဖြစ်ကြောင်း၊ ထို့ကြောင့် ကမ္ဘာ့ဈေးကွက်တွင် ပီလောပီနံ ဝယ်လိုအားသည် ရှေ့သို့ ဆက်လက်တိုးလာရန် မျှော်မှန်းထားကြောင်း သိရှိရပါသည်။

လက်ရှိတွင် တရုတ်နှင့် ကိုရီးယားဈေးကွက်သို့ ပီလောပီနံခြောက်(အပြား)တင်ပို့သည့် ဈေးနှုန်းမှာ တစ်တန်လျှင် အမေရိကန်ဒေါ်လာ (၃၀၅)နှင့် (၃၅၅)ခန့် အသီးသီးရှိနေကြောင်း သိရှိရပါသည်။

Source: [www.dtinews.vn/en/news/017002/83950/china-spends-nearly-us-400-million-purchasing-cassava-from-vietnam.html](www.dtinews.vn/en/news/017002/83950/china-spends-nearly-us-400-million-purchasing-cassava-from-vietnam.html)

ကေခိုင်ကျော်၊ စီးပွားရေးသံမှူး

နန်နင်း

## တရုတ်နိုင်ငံသည် အမေရိကန်မှ ပြောင်းတင်သွင်းမှုကို ပယ်ဖျက်နိုင်ကြောင်း

ပြောင်းတင်သွင်းမှုထိပ်တန်းနိုင်ငံဖြစ်သည့် တရုတ်နိုင်ငံသည် ဘရာဇီးလ်မှ ပြောင်းကို ဈေးပို မိုသက်သာစွာဖြင့် ဝယ်ယူနိုင်သောကြောင့် အမေရိကန်နိုင်ငံမှ ပြောင်းဝယ်ယူမှုကို ပယ်ဖျက်နိုင် ကြောင်း၊ အချို့သော ပြည်တွင်းတိရစ္ဆာန်အစာထုတ်လုပ်သူများသည် ပြောင်းကို ဂျုံဖြင့် အစားထိုး လျက်ရှိကြောင်း သိရှိရပါသည်။

လွန်ခဲ့သည့် သုံးပတ်အတွင်း တရုတ်နိုင်ငံမှ ပြောင်းတန်ချိန် (၈၃၂,၀၀၀)ကို ဖျက်သိမ်းခဲ့ခြင်း ကြောင့် အီလီနွိုက်နှင့် ချီကာဂိုရှိ ပြောင်းသီးနှံဈေးကွက်၌ ဖိအားများ ရှိလာခဲ့ကြောင်း၊ ယခုနှစ်တွင် ထိပ်တန်းပြောင်း တင်ပို့သူအဖြစ် အမေရိကန်ကို ကျော်တက်နိုင်ရန် မျှော်မှန်းထားသည့် ဘရာဇီးလ် ၏ ပြိုင်ဆိုင်မှုသည်လည်း တဖြည်းဖြည်းတိုးလာနေကြောင်း သိရှိရပါသည်။

တရုတ်နိုင်ငံသည် မတ်လတွင် အမေရိကန်နိုင်ငံမှ ပြောင်းတန်ချိန် (၄)သန်းနီးပါး ဝယ်ယူခဲ့ ကြောင်း၊ သို့သော်လည်း ဘရာဇီးလ်မှ ပို့ဆောင်ခမှာ တတိယသုံးလပတ်တွင် တစ်တန်လျှင် အမေရိ ကန်ဒေါ်လာ (၃၀)ခန့် ဈေးသက်သာသဖြင့် အမေရိကန်၏ ပြောင်းသည် ယှဉ်ပြိုင်နိုင်မှုနည်းလာသည် ဟု ကုန်သည်များက ပြောကြားခဲ့ကြောင်း သိရှိရပါသည်။

တိရစ္ဆာန်အစာအတွက် တရုတ်ပြည်တွင်း၌ ပြောင်းဝယ်လိုအား ကျဆင်းလာခြင်းသည်လည်း အရောင်းအဝယ်ဖျက်သိမ်းရခြင်း၏ နောက်ကွယ်တွင် အကြောင်းအရင်းတစ်ခုဖြစ်ကြောင်း သိရှိရပါ သည်။ ပြောင်းဝယ်လိုအားသည် အမှန်တကယ်နည်းပါးလာပြီး တိရစ္ဆာန်အစာထုတ်လုပ်သူများသည် ပြောင်းကိုအစားထိုးရန် ဈေးသက်သာသည့် ဂျုံကိုအများအပြား အသုံးပြုလာကြကြောင်း Henan အခြေစိုက် Sinolink Futures (國金期貨) မှ အကြီးတန်းလေ့လာသုံးသပ်သူ Wang Xiaoyang က ပြောကြားခဲ့ကြောင်း သိရှိရပါသည်။

ဂျုံဈေးသည် Henan ပြည်နယ်၌ ပြောင်းဈေးထက် တစ်တန်လျှင် ယွမ် (၁၈၀) (အမေရိကန် ဒေါ်လာ ၂၆)ခန့် ဈေးသက်သာပြီး ရိတ်သိမ်းချိန်နီးလာသောကြောင့် ဈေးသည် ထပ်မံကျဆင်းသွား နိုင်ကြောင်း၊ ဂျုံသည် ပြောင်းဖူးထက် ပရိုတင်းဓာတ်ပါဝင်မှု မြင့်မားပြီး တိရစ္ဆာန်အစာတွင် အသုံးပြု သော ပဲပုပ်ကို အစားထိုးရန်အတွက်လည်း အသုံးပြုနိုင်ကြောင်း သိရှိရပါသည်။

ခက်ခက်ခဲခဲ ရုန်းကန်နေရသော မွေးမြူရေးသမားများသည် အစာကုန်ကျစရိတ်များကို လျှော့ ချရန် တတ်နိုင်သမျှ လုပ်ဆောင်နေသောကြောင့် ပြောင်းကို ဂျုံဖြင့် အစားထိုးခြင်းသည် သဘာဝအရ ရွေးချယ်မှုတစ်ခုဖြစ်ကြောင်း ကုန်သည်များနှင့် လေ့လာသုံးသပ်သူများက ပြောကြားခဲ့ပါသည်။

တရုတ်နိုင်ငံ၏ ပြောင်းတင်သွင်းမှုသည် ၂၀၂၁ ခုနှစ်တွင် တန်ချိန် (၂၈)သန်းကျော် စံချိန်တင် ရောက်ရှိခဲ့ပြီး ယမန်နှစ်တွင် တန်ချိန် (၂၁)သန်းခန့်အထိ ကျဆင်းသွားကြောင်း အကောက်ခွန်

အရာရှိများက ပြောကြားခဲ့ပါသည်။ ယခုနှစ် ပထမသုံးလတွင် ပြည်တွင်းသို့ ပြောင်းဝင်ရောက်မှုသည် တန်ချိန် (၇.၅)သန်းရှိခဲ့ရာ ယခင်နှစ်ကထက် (၆)ရာခိုင်နှုန်း မြင့်တက်ခဲ့ပြီး အများစုမှာ အမေရိကန်၊ ဘရာဇီးလ် နှင့် ယူကရိန်းတို့မှဖြစ်ကြောင်း သိရှိရပါသည်။

နောက်တစ်ချက်မှာ တရုတ်နိုင်ငံသည် ပြောင်းအထွက်တိုးရန် မျှော်မှန်းထားသောကြောင့် အမေရိကန်မှ ဝယ်ယူမှုကို ဖျက်သိမ်းလိုက်ခြင်းဖြစ်ကြောင်း၊ ပြောင်းနှင့် ပဲပုတ်အဓိက ထွက်ရှိရာ ဒေသဖြစ်သည့် အရှေ့မြောက်ပိုင်းဒေသရှိ လယ်သမားများသည် အစိုးရမှ ပဲပုပ်ပိုမိုစိုက်ပျိုးရန် တွန်းအားပေးနေသော်လည်း အမြတ်ပိုမိုမြင့်မားပြီး စီမံခန့်ခွဲမှုပိုမိုလွယ်ကူသောကြောင့် ယခုနှစ်တွင် ပြောင်းစိုက်ပျိုးရန် လိုလားနေကြကြောင်း သိရှိရပါသည်။

Source: https://www.taipeitimes.com/News/biz/archives/2023/05/13/2003799683

ကေခိုင်ကျော်၊ စီးပွားရေးသံမှူး

နန်နင်း

.................................................................

## တရုတ်နိုင်ငံသည် တောင်အာဖရိကမှ ပြောင်းကို ပထမဆုံး ဝယ်ယူခဲ့ခြင်း

ကမ္ဘာ့နံ့စားသီးနှံထိပ်တန်းဝယ်ယူသည့် တရုတ်နိုင်ငံသည် ၎င်း၏ သီးနှံဝယ်ယူသည့်ဈေးကွက်ကို ကွဲပြားစေရန် ကြိုးပမ်းနေသောကြောင့် ယခုသီတင်းပတ်အတွင်း တောင်အာဖရိကမှ ပြောင်းကို ပထမဆုံး တင်သွင်းခဲ့ကြောင်း ဆင်ဟွာသတင်းအေဂျင်စီက ဖော်ပြခဲ့ကြောင်း သိရှိရပါသည်။

တရုတ်ရှိ နိုင်ငံပိုင်အဖွဲ့အစည်းဖြစ်သည့် COFCO Group မှဝယ်ယူသည့် တန်ချိန် (၅၃,၀၀၀) ပါရှိသော ကုန်တင်သင်္ဘောသည် ကွမ်တုံပြည်နယ်တောင်ပိုင်းရှိ Machong ဆိပ်ကမ်းသို့ ရောက်ရှိလာပြီး တိရစ္ဆာန်အစာထုတ်လုပ်သူများထံ ရောင်းချမည်ဖြစ်ကြောင်း သိရှိရပါသည်။ အာဖရိကတိုက်၏ ထိပ်တန်းပြောင်းထုတ်လုပ်သည့် တောင်အာဖရိကနိုင်ငံသည် ပြောင်းအထွက်တိုးရန် မျှော်လင့်လျက်ရှိကြောင်း၊ မကြာသေးမီက အမေရိကန်စိုက်ပျိုးရေးအစီရင်ခံစာတွင် ၂၀၂၃-၂၀၂၄ သီးနှံရာသီတွင် ပြောင်းတင်ပို့မှု တန်ချိန် (၂.၃)သန်းရှိမည်ဟု ခန့်မှန်းထားကြောင်း သိရှိရပါသည်။

တရုတ်နိုင်ငံသည် လွန်ခဲ့သည့်နှစ်များက တောင်အာဖရိကနိုင်ငံမှ ပြောင်းတင်သွင်းမှုကို ခွင့်ပြုခဲ့သော်လည်း COFCO ၏ ဝယ်ယူမှုသည် တရုတ်နိုင်ငံသို့ ရောက်ရှိသည့် ပထမဆုံး သိသာထင်ရှားသော ပမာဏဖြစ်ကြောင်း၊ ထိပ်တန်းပြောင်းတင်ပို့သည့် ယူကရိန်းသည် ပဋိပက္ခဖြစ်ပွားပြီးနောက် တင်ပို့မှုများ ရပ်တန့်သွားသဖြင့် အမေရိကန်အပေါ် ပိုမိုမှီခိုလာခဲ့ရခြင်းကို ရပ်တန့်ရန်အတွက် တရုတ်နိုင်ငံအနေဖြင့် သီးနှံရောင်းချသူအသစ်များကို ရှာဖွေရန် ကြိုးပမ်းနေချိန်တွင် ယခုကဲ့သို့ တောင်အာဖရိကမှ တင်ပို့နိုင်ခြင်းဖြစ်ကြောင်း သိရှိရပါသည်။

COFCO သည် တောင်အာဖရိကမှ ပြောင်းအမြောက်အများ တင်သွင်းမှုကို တိုးမြှင့်ရန်နှင့် ဝယ်ယူမှုများကို ပုံမှန်ပြုလုပ်ရန် လုပ်ဆောင်နေကြောင်း COFCO International ၏ ပြောင်းသီးနှံ လုပ်ငန်း အကြီးအကဲ Fan Zhenyu အား ကိုးကား၍ ရှင်းဟွာသတင်းအရ သိရှိရပါသည်။

ယခင်နှစ်နှောင်းပိုင်းတွင် တရုတ်နိုင်ငံသည် ဘရာဇီးလ်နိုင်ငံမှ ပြောင်းတင်ပို့သူများစာရင်းကို ပြင်ဆင်ခဲ့ကြောင်း၊ ယင်းအချက်သည် တောင်အမေရိကနိုင်ငံမှ ပြောင်းတင်သွင်းမှု မြင့်တက်သွား စေခဲ့ကြောင်း သိရှိရပါသည်။ ဘရာဇီးလ်နိုင်ငံမှ ပြောင်းတင်သွင်းမှုများ မြင့်တက်လာမှုကြောင့် အမေရိကန်မှ ပြောင်းဝယ်ယူမှု ဖျက်သိမ်းခြင်းကို ဖြစ်ပေါ်စေပြီး ပြောင်းဈေးကွက်ကို လပေါင်းများ စွာ အနိမ့်ဆုံးသို့ တွန်းပို့ခဲ့ကြောင်း သိရှိရပါသည်။

တရုတ်နိုင်ငံအနေဖြင့် ဘရာဇီးလ်နှင့် တောင်အာဖရိကတို့မှ ပြောင်းများကို တင်သွင်းခြင်းဖြင့် အမေရိကန်မှ ပြောင်းတင်သွင်းမှုအပေါ် မှီခိုနေရခြင်းကို လျှော့ချနိုင်ရန် ကြိုးပမ်းလျက်ရှိရာ မြန်မာ့ ပြောင်းများအတွက် အခွင့်အလမ်းများရှိနေသကဲ့သို့ အခြားတစ်ဖက်တွင်လည်း စိန်ခေါ်မှုအဖြစ် ဈေး ကွက်ယှဉ်ပြိုင်နိုင်စွမ်းရှိရန် လိုအပ်ကြောင်း သုံးသပ်တွေ့ရှိရပါသည်။ ထို့အပြင် တရုတ်နိုင်ငံ၏ ပြည် တွင်းဈေးကွက်၌ တိရစ္ဆာန်အစာအတွက် ပြောင်းအစား ဈေးသက်သာသည့်ဂျုံကို အစားထိုးသုံးစွဲလာ ခြင်းနှင့် ပြည်တွင်းပြောင်းအထွက်တိုးမည်ဟု မျှော်မှန်းထားခြင်းတို့ကြောင့် တရုတ်၏ ပြောင်းဝယ် လိုအား ကျဆင်းနိုင်ဖွယ်ရှိကြောင်း သုံးသပ်တွေ့ရှိရပါသည်။

Source: https://www.nasdaq.com/articles/china-buys-first-cargo-of-south-african-corn
ကေခိုင်ကျော်၊ စီးပွားရေးသံမှူး
နန်နင်း

## အိန္ဒိယနိုင်ငံသည် ဘရာဇီးနိုင်ငံမှ မတ်ပဲ တင်သွင်းနိုင်ရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိ

ပြည်တွင်းဈေးကွက်လိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ရေးနှင့် ဈေးနှုန်းထိန်းသိမ်းနိုင်ရေး အတွက် အိန္ဒိယနိုင်ငံအနေဖြင့် ဘရာဇီးနိုင်ငံမှ မတ်ပဲတင်သွင်းနိုင်ရေးဆွေးနွေးလျက်ရှိရာ ပြီးစီး လုနီးပြီဖြစ်ကြောင်း စားသုံးသူရေးရာဌာန အတွင်းဝန်ဖြစ်သူ Rohit Kumar Singh က အင်္ဂါနေ့က ပြောကြားခဲ့ကြောင်း The Economic Times သတင်းစာတွင် ဖော်ပြထားပါသည်။

အိန္ဒိယနိုင်ငံသည် စားသုံးသူလိုအပ်ချက်နှင့် ထုတ်လုပ်နိုင်မှု ကွာဟချက်အပေါ်မူတည်ပြီး နှစ်စဉ် တန်ချိန် ၇ သိန်း မှ ၇ သိန်းခွဲခန့်ကို ပြည်ပမှ တင်သွင်းလျက်ရှိပါကြောင်းနှင့် တင်သွင်းမှု အားလုံး၏ ၇၄ ရာခိုင်နှုန်းခန့်မှာ မြန်မာနိုင်ငံမှ တင်သွင်းခြင်း ဖြစ်ကြောင်း၊ လယ်ယာစိုက်ပျိုးရေး ရာသီဥတုအခြေအနေများအရ ဘရာဇီးနိုင်ငံသည် မတ်ပဲစိုက်ပျိုးထုတ်လုပ်ရန် သင့်လျော်မှုရှိသည့်

အတွက် ဘရာဇီးမှ မတ်ပဲထုတ်လုပ်တင်သွင်းရန် ဆွေးနွေးမှုများဆောင်ရွက်လျက်ရှိရာ ပြီးစီးလုနီးပြီဟု အတွင်းဝန်က သတင်းထောက်များကို ပြောကြားခဲ့ကြောင်း သိရှိရပါသည်။

အိန္ဒိယနိုင်ငံအနေဖြင့် ယခုနှစ်တွင် မြန်မာနိုင်ငံမှ မတ်ပဲတန်ချိန် ၂ သိန်းခန့်ကို တင်သွင်းထားပြီးဖြစ်ကြောင်း၊ မြန်မာနိုင်ငံကိုမှီခိုနေရခြင်းမှ လျော့ချနိုင်ရန်အတွက် အခြားမတ်ပဲထွက်ရှိသည့်နိုင်ငံများကိုရှာဖွေနေခြင်းဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံမှ ပဲကုန်သည်များသည် ပဲများကို ပုံမှန်တိုင်းရောင်းချခြင်းမပြုဘဲ သိုလှောင်သိမ်းဆည်းထားခြင်းကြောင့် အိန္ဒိယနိုင်ငံ၏ ပြည်တွင်းဈေးကွက်ကိုသက်ရောက်မှုရှိသဖြင့် စားသုံးသူရေးရာဌာနကလည်း ယင်းကုန်သည်များကို မကြာခင်က သတိပေးထားပြီး ဖြစ်သည်ဟု အတွင်းဝန်က ပြောကြားခဲ့ကြောင်းလည်း ဖော်ပြထားပါသည်။

၂၀၂၂ -၂၀၂၃ မတ်ပဲထွက်ရှိမည့်ရာသီဖြစ်သည့် ဇွန်၊ ဇူလိုင် လတို့တွင် အိန္ဒိယနိုင်ငံ၏ မတ်ပဲထွက်ရှိမှုမှာ တန်ချိန် ၂.၆၈ သန်းခန့်ရှိမည်ဟု လယ်ယာစိုက်ပျိုးရေး ဝန်ကြီးဌာနက ခန့်မှန်းထားပြီးပြီးခဲ့သည့်နှစ်က မတ်ပဲထွက်ရှိမှု တန်ချိန် ၂.၇၇ သန်းထက် လျော့နည်းသွားမည် ဖြစ်ကြောင်းလည်း The Economic Times သတင်းစာတွင် ဖော်ပြထားပါသည်။

Source : India exploring importing urad from Brazil, The Economic Times

မျိုးမြင့်မောင်၊ စီးပွားရေးသံမှူး

နယူးဒေလီ

## အိန္ဒိယကုန်သည်များက စားသုံးသူများအား ပဲစဉ်းငုံ အစား တခြားပဲအမျိုးအစားများအား ပြောင်းလဲစားသုံးစေလို

အိန္ဒိယကုန်သည်များက စားသုံးသူများအား ပဲစဉ်းငုံ၏ ဈေးနှုန်းကြီးမြင့်မှုကြောင့် တခြားသော ပဲအမျိုးအစားများဖြစ်သည့် ပဲနီလေး၊ ပဲတီစိမ်း၊ ကုလားပဲနှင့် စားတော်ပဲတို့ကို အစားထိုးစားသုံးစေလိုကြောင်း၊ စားသုံးသူရေးရာဝန်ကြီးဌာန၏ အချက်အလက်များအရ ဒေလီမြို့တွင် ပဲစဉ်းငုံခွဲခြမ်း၏ လက်လီဈေးနှုန်းမှာ ယခင်နှစ်ထက် ၂၇ ရာခိုင်နှုန်း မြင့်တက်လာပြီး ပြီးခဲ့သည့် ၆ လအတွင်း ၁၀ ရာခိုင်နှုန်းဈေးနှုန်း မြင့်တက်လာကြောင်း၊ ဒေလီမြို့ရှိ လတ်တလောဈေးနှုန်းမှာ ၁ ကီလိုဂရမ်လျှင် ၁၃၂ ရူပီး အထိရှိပြီး ပျမ်းမျှဈေးနှုန်းမှာ ၁ ကီလိုလျှင် ၁၁၉ ရူပီး ဖြစ်ပါကြောင်း၊ ဒေလီမြို့တွင် ပဲစဉ်းငုံ လက်လီဈေးနှုန်း မြင့်တက်လာမှုမှာ ပြီးခဲ့သည့် ၅ နှစ်တာ ကာလအတွင်း ၆၀ ရာခိုင်နှုန်း နီးပါး ရှိလာကြောင်း၊ ဝယ်လိုအား ရှိသလောက် ထုတ်လုပ်နိုင်ခြင်းမရှိသောကြောင့် ပဲခွဲခြမ်းလက်ကားရောင်းချမှုမှာလည်း ၆၀ ရာခိုင်နှုန်းနီးပါးအထိ မြင့်တက်လျက်ရှိကြောင်း Economic Times သတင်းစာက ဖော်ပြထားပါသည်။

၂၀၂၂ -၂၀၂၃ ခုနှစ် ရာသီချိန်အတွင်း အိန္ဒိယနိုင်ငံ၏ ပဲစဉ်းငုံထုတ်လုပ်မှုမှာ ပြီးခဲ့သည့်နှစ်ထက် ၁၄ ရာခိုင်နှုန်းလျော့နည်းနိုင်ကြောင်း အိန္ဒိယအစိုးရက ခန့်မှန်းထားပြီး၊ စိုက်ပျိုးရေး ကျွမ်းကျင်သူများကမူ ၂၀ ရာခိုင်နှုန်းအထက် ကျဆင်းနိုင်သည်ဟု ခန့်မှန်းထားပါကြောင်း၊ ဝယ်လိုအားကို ထုတ်လုပ်မှုက မမီနိုင်သည့်အတွက် စားသုံးသူများ၏ နှစ်သက်မှုကို ပြောင်းလဲခြင်းအားဖြင့် ပဲစဉ်းငုံ ဝယ်လိုအားကို လျော့ချနိုင်မည်ဟု ပဲစဉ်းငုံ ကုန်သည်များက ယူဆလျက်ရှိပါကြောင်း၊ အိန္ဒိယ ပဲမျိုးစုံနှင့် နှံစားသီးနှံအသင်း ( The Indian Pulses and Grains Association – IPGA) က အစားအစာနှင့် ပြည်သူ့ဖြန့်ဖြူးရောင်းချရေးဌာနနှင့် ပူးပေါင်း၍ ပဲစဉ်းငုံအစား ပဲနီလေး၊ ပဲတီစိမ်း၊ ကုလားပဲနှင့် စားတော်ပဲ စသည့်ပဲများကို စားသုံးမှုမြှင့်တင်ရန် စည်းရုံးလှုံ့ဆော်လျှက်ရှိကြောင်းလည်း ဖော်ပြထားပါသည်။

Agmarknet တွင် ဖော်ပြထားသည့်အချက်အလက်များအရ Maharashtra ပြည်နယ်၊ Latur လက်ကားဈေးတွင် ပြုပြင်ထားခြင်းမရှိသည့် ပဲစဉ်းငုံ၏ ပျှမ်းမျှဈေးနှုန်းမှာ ပြီးခဲ့သည့်နှစ် ယခုအချိန်တွင် ၁ ကီလိုဂရမ်လျှင် ၆၀ ရူပီး သာရှိခဲ့ရာမှ ယခုအခါ ၁ ကီလို ဂရမ်လျှင် ၉၀ ရူပီးအထိ ဈေးနှုန်းမြင့်တက်လာပါကြောင်းနှင့် သီးနှံအသစ်များ ရိတ်သိမ်းသည့် ပြီးခဲ့သည့် ဇန်နဝါရီလမှ စတင်၍ ၄ လအတွင်း ဈေးနှုန်းမှာ ၂၄ ရာခိုင်နှုန်း အထိ မြင့်တက်လာခြင်းဖြစ်ကြောင်း သိရှိရပါသည်။

ပဲစဉ်းငုံဝယ်လိုအားက ပုံမှန်အတိုင်းရှိနေသော်လည်း ပဲစဉ်းငုံထုတ်လုပ်မှုက သိသိသာသာ ကျဆင်းခဲ့ပါကြောင်း၊ ဗဟိုအစိုးရနှင့် တွေ့ဆုံသည့်အချိန်၌ ပဲစဉ်းငုံကဲ့သို့ အခြားသောပဲ အမျိုးအစားများသည်လည်း ပရိုတင်း တူညီစွာပါဝင်မှုရှိကြောင်း ပြည်သူများအား လှုံ့ဆော်စည်းရုံးရန် အသင့်ရှိသည်ဟု တင်ပြထားခဲ့ကြောင်း၊ ဝယ်လိုအားနှင့် ရောင်းလိုအားအကြား ကွာဟချက်ကို ပြည်ပမှတင်သွင်းခြင်း နည်းလမ်းတစ်ခုတည်းဖြင့် ဖြေရှင်း ဆောင်ရွက်နိုင်ရန် မဖြစ်နိုင်ပါကြောင်း၊ အိန္ဒိယနိုင်ငံအပြင် ပဲစဉ်းငုံ ရရှိနိုင်သည့်နိုင်ငံမှာ မြန်မာနိုင်ငံနှင့် အာဖရိကအရှေ့ပိုင်းနိုင်ငံ တစ်ချို့သာ ရှိပါကြောင်းနှင့် စားသုံးသူများအနေဖြင့် ဈေးနှုန်းသက်သာသည့် ပဲနီလေး၊ ပဲတီစိမ်း၊ ကုလားပဲနှင့် စားတော်ပဲ တို့ကိုလည်း ရွေးချယ်စားသုံးနိုင်သည် ဟု IPGA ဥက္ကဋ္ဌ ဖြစ်သူ Bimal Kothari က ပြောကြားထားကြောင်း India Times သတင်းစာက ဖော်ပြထားပါသည်။

၂၀၁၀ ပြည့်နှစ်တွင် အမျိုးသား စိုက်ပျိုးရေး ဈေးကွက်ရှာဖွေမှု ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ (National Agricultural Cooperative Marketing Federation of India – Nafed) ကလည်း ပြည်တွင်းထုတ်လုပ်သည့် ပဲမျိုးစုံ၏ ဈေးနှုန်းများ ကြီးမြင့်မှုကြောင့် ပြည်ပမှ တင်သွင်းသည့် ပဲနီလေးကို အဓိကအစားအစာအဖြစ် မြှင့်တင် စည်းရုံးလှုံ့ဆော် ဆောင်ရွက်ခဲ့ပါကြောင်း၊ ထိုအချိန်မှစ၍ ကုလားပဲနှင့်ရော၍ ပဲမှုန့် ပြုလုပ်ရန် ပဲနီလေးကို တင်သွင်းခဲ့ပါကြောင်း၊ ဗဟိုအစိုးရနှင့် ပြည်နယ်အစိုးရအနေဖြင့် လူမှုဘဝဖူလုံရေး အစီအစဉ်အတွက် ပဲစဉ်းငုံကို ပြည်ပမှ တင်သွင်းနေခြင်း

Agribusiness & Trade

ကို ရပ်ဆိုင်းသင့်ပါကြောင်းနှင့် ယင်းအစား ဈေးနှုန်းသက်သာပြီး ပေါ်များစွာ ရရှိနိုင်သည့် ပဲအမျိုးအစားများကို လူမှုဘဝ ဖူလုံရေးအစီအစဉ်အနေဖြင့် အသုံးပြုသင့်သည်ဟု IPGA ဥက္ကဋ္ဌ က အကြံပြုထားကြောင်းလည်း သိရှိရပါသည်။

အိန္ဒိယသို့ ပဲစဉ်းငုံ အဓိကရောင်းချသည့် အာဖရိကနိုင်ငံများတွင်လည်း ဈေးနှုန်းများမှာ ယခင်နှစ်ကထက် ၂၅ ရာခိုင်နှုန်းမြင့်တက်လျက်ရှိသည်ဟု Mayur Global Corporation ၏ ဒုတိယ ဥက္ကဋ္ဌ ဖြစ်သူ Harsha Rai က ပြောကြားထားပါကြောင်း၊ အိန္ဒိယသို့ တင်ပို့ရန်စိုက်ပျိုးသည့် အာဖရိကပဲစဉ်းငုံများမှာ ဇူလိုင်လနှင့် ဩဂုတ်လတွင် သီးနှံရိတ်သိမ်းမည်ဖြစ်သဖြင့် ဩဂုတ်လမှ နိုဝင်ဘာလ ပွဲတော်ရာသီချိန်အတွင်း ပဲစဉ်းငုံ ရှားပါးမှုနှင့် ကြုံတွေ့နိုင်သည့်အချိန်တွင် ပဲစဉ်းငုံဈေးကို ထိန်းချုပ်နိုင်ရန် အရေးကြီးပါကြောင်း၊ သို့ရာတွင် ပြီးခဲ့သည့်အပတ်က အိန္ဒိယနိုင်ငံ၏ ဈေးကွက်အတွင်း ပဲစဉ်းငုံဈေးနှုန်းများ မြင့်တက်ခဲ့သည့်အတွက် အာဖရိကနိုင်ငံများမှ ပဲစဉ်းငုံ အရောင်းအဝယ်စာချုပ်များကို ရပ်နားထားပါကြောင်း၊ တင်သွင်းသူများအနေဖြင့် ပဲစဉ်းငုံရိတ်သိမ်းချိန်အထိ စောင့်ရန် ဆန္ဒရှိပါကြောင်းနှင့် ပဲစဉ်းငုံအသစ်များ ဝင်ရောက်လာပါက ဈေးနှုန်းအနည်းငယ် ကျဆင်းသွားနိုင်သည်ဟု Harsha Rai ကပြောကြားထားကြောင်းလည်း ဖော်ပြထားပါသည်။

အိန္ဒိယအစိုးရက မြန်မာနိုင်ငံရှိကုန်သည်များကို ပဲစဉ်းငုံနှင့် မတ်ပဲများ သိုလှောင် သိမ်းဆည်းထားခြင်းမရှိရန် သတိပေးထားခြင်းမပြုရန် သတိပေးထားပြီးဖြစ်ပါကြောင်း၊ မြန်မာကုန်သည်များအနေဖြင့် ပဲများကို ရောင်းချခြင်းမပြုဘဲ သိုလှောင်သိမ်းဆည်းထားပါက အစိုးရအချင်းချင်း ဝယ်ယူမှုအစီအစဉ်များဆောင်ရွက်သွားမည်ဟု ပြောကြားထားကြောင်းလည်း India Times သတင်းစာ က ဖော်ပြထားပါသည်။

Source : Why Traders want you to shun Tur dal and eat other pulses, The Economic Times

မျိုးမြင့်မောင်၊ စီးပွားရေးသံမှူး

နယူးဒေလီ

………………………………………………………………………………

## မြေသြဇာ (ပုလဲဓာတ်မြေသြဇာ မပါ) အတွက် ရူပီးငွေ သန်းပေါင်း သုံးသိန်းရှစ်သောင်း ထောက်ပံ့ပေးမည်ဟု အိန္ဒိယအစိုးရအဖွဲ့က အတည်ပြု

လာမည့် မိုးရာသီသီးနှံများစိုက်ပျိုးသည့်အချိန်တွင် တောင်သူများအတွက် မြေသြဇာဈေးနှုန်းများ တည်ငြိမ်မှုရှိစေရန်အတွက် မြေသြဇာ (ပုလဲဓာတ်မြေသြဇာမပါ) အတွက် ရူပီးငွေသန်းပေါင်း သုံးသိန်းရှစ်သောင်းကျော် ထောက်ပံ့ပေးရန် အိန္ဒိယအစိုးရက အတည်ပြုခဲ့ကြောင်း Business Standard သတင်းစာက ဖော်ပြထားပါသည်။

၂၀၂၃-၂၄ မိုးရာသီသီးနှံ စိုက်ပျိုးသည့်အချိန်တွင် ဗဟိုအစိုးရက စုစုပေါင်း ရူပီး ၁.၀၈ ထရီလီယံထောက်ပံ့ပေးသွားမည်ဖြစ်ပြီး ယင်းပမာဏသည် ၂၀၂၃-၂၄ ဘဏ္ဍာနှစ် ဘတ်ဂျက်လျာထားမှု၏ ၆၂ ရာခိုင်နှုန်းနီးပါး ရှိပါကြောင်း၊ ၁.၀၈ ထရီလီယံအနက် ရူပီးသန်းပေါင်း ၇ သိန်းကို ပုလဲဓာတ်မြေဩဇာအတွက်လည်းကောင်း ကျန်ရှိသည့် ပမာဏကို အခြားမြေဩဇာများအတွက်လည်းကောင်း စက်တင်ဘာလအထိ ထောက်ပံ့ပေးသွားမည် ဖြစ်ပါကြောင်း၊ ပြီးခဲ့သည့် ၂၀၂၂ ခုနှစ်၊ ဆောင်းရာသီသီးနှံ စိုက်ပျိုးချိန်၌ အစိုးရက မြေဩဇာ (ပုလဲဓာတ်မြေဩဇာမပါ) အတွက် ရူပီးသန်းပေါင်း ၅ သိန်း၂ သောင်းကျော် ထောက်ပံ့ပေးခဲ့ပါကြောင်း၊ ယခု ၂၀၂၂ - ၂၀၂၃ ဘဏ္ဍာနှစ် မိုးရာသီ သီးနှံစိုက်ပျိုးသည့်အချိန်တွင် မြေဩဇာ (ပုလဲဓာတ်မြေဩဇာမပါ) အတွက် ထောက်ပံ့မှုလျော့နည်းသွားရခြင်းမှာ ပြည်တွင်း၊ ပြည်ပဈေးနှုန်းများ ကျဆင်းမှုကြောင့် ဖြစ်ပါကြောင်း ဖော်ပြထားပါသည်။

၂၀၂၃ ခုနှစ် မိုးရာသီ သီးနှံစိုက်ပျိုးချိန်တွင် မြေဩဇာ (ပုလဲဓာတ်မြေဩဇာမပါ) အတွက် နိုက်ထရိုဂျင် ၁ ကီလိုဂရမ်လျှင် ထောက်ပံ့ကြေး ၇၆ ရူပီး( ပြီးခဲ့သည့် ဆောင်းရာသီ သီးနှံစိုက်ပျိုးချိန်ထက် ၂၂ ရာခိုင်နှုန်းလျော့နည်း)၊ ဖော့စဖိတ် ၁ ကီလိုဂရမ်လျှင် ထောက်ပံ့ ကြေး ၄၁ ရူပီး ( ပြီးခဲ့သည့် ဆောင်းရာသီ သီးနှံစိုက်ပျိုးချိန်ထက် ၃၉ ရာခိုင်နှုန်းလျော့နည်း)၊ ပိုတက်ဆီယမ် ၁ ကီလိုဂရမ်လျှင် ထောက်ပံ့ကြေး ၁၅ ရူပီး ( ပြီးခဲ့သည့် ဆောင်းရာသီ သီးနှံစိုက်ပျိုးချိန်ထက် ၃၆ ရာခိုင်နှုန်းလျော့နည်း)၊ ကန့် (Sulphur) ၁ ကီလိုဂရမ်လျှင် ထောက်ပံ့ကြေး ၂ ရူပီး ( ပြီးခဲ့သည့် ဆောင်းရာသီ သီးနှံစိုက်ပျိုးချိန်ထက် ၆၇ ရာခိုင်နှုန်း လျော့နည်း) ထောက်ပံ့ပေးမည်ဟု ဓာတုနှင့် မြေဩဇာဝန်ကြီးဖြစ်သူ Mansukh Mandaviya က ပြောကြားထားကြောင်း သိရှိရပါသည်။

ထောက်ပံ့ကြေးများအား ယခုကဲ့သို့ လျော့ချရသည့် အဓိက အကြောင်းအရင်းမှာ နိုင်ငံတကာဈေးနှုန်းများတည်ငြိမ်နေခြင်းနှင့် စွမ်းအင်ဆိုင်ရာကုန်ကျစရိတ်များ ကျဆင်းလာခြင်းကြောင့်ဖြစ်ပါကြောင်း၊ အစိုးရအဖွဲ့အစည်းအဝေးအပြီး Mandaviya က သတင်းထောက်များအား ပုလဲဓာတ်မြေဩဇာ ၁ အိတ်လျှင် ၂၁၂၆ ရူပီး၊ DAP ကွန်ပေါင်း ဓာတ်မြေဩဇာ ၁ အိတ်လျှင် ၂၄၆၁ ရူပီး၊ NPK ကွန်ပေါင်း ဓာတ်မြေဩဇာ ၁ အိတ်လျှင် ၁၆၃၉ ရူပီး၊ MOP ပိုတက်ဆီယမ် ဓါတ်မြေဩဇာ ၁ အိတ်လျှင် ၇၃၄ ရူပီး ဗဟို အစိုးရက ထောက်ပံ့ပေးသွားမည်ဖြစ်ပြီး ယခုလိုထောက်ပံ့ပေးခြင်းသည် ပြည်တွင်း၊ ပြည်ပဓာတ်မြေဩဇာဈေးနှုန်းများ တည်ငြိမ်မှုမရှိခြင်းမှ တောင်သူများအား အကာအကွယ်ပေးနိုင်ရန် အတွက်ဖြစ်သည်ဟု ပြောကြားခဲ့ပါကြောင်း Business Standard သတင်းစာက ဖော်ပြ ထားပါသည်။

အိန္ဒိယနိုင်ငံအနေဖြင့် မိုးရာသီ သီးနှံစိုက်ပျိုးချိန်တွင် ပုလဲဓာတ်မြေဩဇာ တန်ချိန် ၇.၅ သန်း၊ DAP တန်ချိန် ၃.၆ သန်း၊ NPK တန်ချိန် ၄.၅ သန်း အပါအဝင် စုစုပေါင်း တန်ချိန် ၁၅ သန်းခန့် အသုံးပြုနိုင်ရန် အသင့်ရှိသည်ဟု အစိုးရက ခန့်မှန်းထားပါကြောင်း၊ နှစ်စဉ် တင်သွင်းမည့်ပမာဏကို

Agribusiness & Trade

လည်း ကာလရှည် စာချုပ်များချုပ်ဆိုဆောင်ရွက်ခြင်းဖြစ်ပါကြောင်း၊ အိန္ဒိယနိုင်ငံ၏ မြေသြဇာလက်လီဈေးနှုန်းများသည် အခြားနိုင်ငံများနှင့် နှိုင်းယှဉ်ပါက များစွာသက်သာသဖြင့် အစိုးရက ထောက်ပံ့ပေးခြင်းကို ကျေးဇူးတင်ရမည် ဖြစ်ပါကြောင်း၊ ပုလဲဓာတ်မြေသြဇာ တစ်အိတ်၏ ဈေးနှုန်းသည် အိန္ဒိယနိုင်ငံတွင် ၂၇၆ ရူပီး သာရှိသော်လည်း ပါကစ္စတန်နိုင်ငံတွင် ၇၉၁ ရူပီး၊ အင်ဒိုနီးရှားနိုင်ငံတွင် ၅၉၃ ရူပီး၊ တရုတ် နိုင်ငံတွင် ၂၁၀၀ ရူပီး၊ ဘင်္ဂလားဒေ့ရှ် နိုင်ငံတွင် ၇၁၉ ရူပီးနှင့် အမေရိကန်တွင် ၃၀၆၀ ရူပီး အသီးသီးရှိပါကြောင်း၊ အိန္ဒိယနိုင်ငံ၌ DAP တစ်အိတ်လျှင် ၁၃၅၀ ရူပီးသာရှိသော်လည်း ပါကစ္စတန် တွင် ၄၁၇၇ ရူပီး၊ အင်ဒိုနီးရှားတွင် ၉၇၀၀ ရူပီး၊ တရုတ်တွင် ၂၄၀၀ ရူပီး၊ ဘင်္ဂလားဒေ့ရှ်တွင် ၇၁၉ ရူပီး၊ အမေရိကန်တွင် ၃၆၃၃ ရူပီး နှင့် ဘရာဇီးနိုင်ငံတွင် ၄၁၈၀ ရူပီး အသီးသီးရှိသည်ဟု ဝန်ကြီးက ပြောကြားထားကြောင်း Business Standard သတင်းစာက ဖော်ပြထားပါသည်။

အိန္ဒိယနိုင်ငံသည် နှစ်စဉ် ပုလဲဓာတ်မြေသြဇာတန်ချိန် ၃၂.၅ သန်း နှင့် ၃၅ သန်း ကြား၊ DAP ကွန်ပေါင်းဓာတ်မြေသြဇာ တန်ချိန် ၁၀ သန်း နှင့် ၁၂.၅ သန်း ကြား၊ NPKS ကွန်ပေါင်းဓာတ်မြေသြဇာတန်ချိန် ၁၀ သန်း နှင့် ၁၂.၅ သန်း ကြားနှင့် MOP ပိုတက်စီယမ် ဓာတ်မြေသြဇာ တန်ချိန် ၅ သန်းမှ ၆ သန်း ကြား သုံးစွဲမှုရှိကြောင်းလည်း သိရှိရပါသည်။

Source : Cabinet approves ₹ 38,000 – cr subsidy for non–urea fertilizers, Business Standard news

မျိုးမြင့်မောင်၊ စီးပွားရေးသံမှူး

နယူးဒေလီ

.............................................................................................................

**တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ နန်နင်းမြို့မှ တင်ပြသော စီးပွားရေးဆိုင်ရာ သတင်းများ**

## တရုတ်-အာဆီယံ ကုန်းမြေ- ပင်လယ်ရေကြောင်း ကုန်သွယ်ရေးစင်္ကြံသစ်သည် ကြီးမားသော အားသာချက်ကို ပြသလျက်ရှိကြောင်း

အဓိကအပြည်ပြည်ဆိုင်ရာထောက်ပံ့ပို့ဆောင်ရေး စီမံကိန်းတစ်ခုဖြစ်သည့် အပြည်ပြည်ဆိုင်ရာ ကုန်းမြေ-ပင်လယ်ရေကြောင်း ကုန်သွယ်ရေးစင်္ကြံအသစ်သည် အောင်မြင်မှုများရရှိခဲ့ပြီး ၎င်း၏ ဖွံ့ဖြိုးတိုးတက်မှုအညွှန်းကိန်းသည် ၂၀၂၀ ပြည့်နှစ်တွင် (၁၀၂)နှင့် ၂၀၂၁ ခုနှစ်တွင် (၁၂၂.၆)ရှိခဲ့ရာမှ ၂၀၂၂ ခုနှစ်တွင် (၁၃၅.၂)သို့ မြင့်တက်လာခဲ့ကြောင်း မကြာသေးမီက အစီရင်ခံစာတစ်စောင်၌ ဖော်ပြထားကြောင်း သိရှိရပါသည်။

အဆိုပါ အပြည်ပြည်ဆိုင်ရာ ကုန်းမြေ-ပင်လယ်ရေကြောင်း ကုန်သွယ်ရေးစင်္ကြံအသစ်သည် တရုတ်နိုင်ငံအနောက်ပိုင်းရှိ ပြည်နယ်အဆင့်ဒေသများနှင့် အာဆီယံအဖွဲ့ဝင်နိုင်ငံများအကြား

ပူးပေါင်းတည်ဆောက်ထားသော ကုန်သွယ်မှုနှင့် ထောက်ပံ့ပို့ဆောင်ရေးလမ်းကြောင်းတစ်ခုဖြစ်ကြောင်း၊ အဆိုပါ လမ်းကြောင်းအသစ်သည် ရထားလမ်း၊ အဝေးပြေးလမ်းမများနှင့် ရေကြောင်းလမ်းများ အပါအဝင် သယ်ယူပို့ဆောင်ရေးပုံစံအမျိုးမျိုးကို ထိရောက်စွာ အသုံးပြုနိုင်ရန် အခြေခံထားခြင်းဖြစ်ကြောင်း သိရှိရပါသည်။

ကုန်းမြေ-ပင်လယ်ရေကြောင်း ကုန်သွယ်ရေးစင်္ကြံသစ်၏ ၂၀၂၂ ခုနှစ်အတွက် ဖွံ့ဖြိုးရေးအညွှန်းကိန်းကို ချုံချင့်မြို့၌ ကျင်းပခဲ့သည့် “2023 China–Singapore (Chongqing) Connectivity Initiative International Land–Sea Trade Corridor (CCI–ILSTC) International Cooperation Forum” တွင် ထုတ်ပြန်ခဲ့ခြင်းဖြစ်ကြောင်း သိရှိရပါသည်။

ယန်ဇီမြစ်အထက်ပိုင်းတွင် တည်ရှိသော ချုံချင့်မြို့သည် ပထဝီဝင်အနေအထားအရ အကျိုးကျေးဇူးများရှိနေကြောင်း၊ ၎င်းသည် တရုတ်နိုင်ငံအနောက်ပိုင်းဒေသများ၏ အမျိုးသားအဆင့် ဖွံ့ဖြိုးရေးအစီအစဉ်များအတွက် မဟာဗျူဟာကျသည့်အချက်အချာနေရာတစ်ခုဖြစ်ပြီး Belt and Road Initiative နှင့် ယန်ဇီမြစ်စီးပွားရေးလမ်းမအတွက် ဆက်သွယ်ရေးဆုံမှတ်တစ်ခုဖြစ်ကြောင်း သိရှိရပါသည်။

ထို့အပြင် ချုံချင့်မြို့သည် ၂၀၁၅ ခုနှစ်၊ နိုဝင်ဘာလတွင် စတင်ဖွင့်လှစ်ခဲ့သော the China–Singapore (Chongqing) Demonstration Initiative on Strategic Connectivity ၏ ဌာနချုပ်လည်း ဖြစ်ကြောင်း၊ China–Singapore (Chongqing) Connectivity Initiative သည် တရုတ်နိုင်ငံ အနောက်ပိုင်းတွင် ဖွံ့ဖြိုးတိုးတက်မှုကို အရှိန်မြှင့်တင်ရန် အဆိုပါအပြည်ပြည်ဆိုင်ရာ ကုန်းမြေ-ပင်လယ်ရေကြောင်း ကုန်သွယ်ရေးစင်္ကြံသစ်စီမံကိန်းကို စတင်ခဲ့ကြောင်း သိရှိရပါသည်။

လွန်ခဲ့သည့်ငါးနှစ်ကျော်အတွင်း အဆိုပါကုန်သွယ်ရေးစင်္ကြံသစ်၏ ပို့ဆောင်ရေးကွန်ရက်သည် လျင်မြန်စွာ တိုးချဲ့လာနိုင်ခဲ့ကြောင်း၊ ချုံချင့်မြို့သည် ရထားပို့ဆောင်ရေးဗဟိုချက်တစ်ခုအဖြစ် ရှိနေပြီး ဥရောပနှင့် အရှေ့တောင်အာရှကို ဆက်သွယ်ထားကြောင်း၊ ယခုအခါ ကုန်သွယ်ရေးစင်္ကြံသစ်တစ်လျှောက်ရှိ ဒေသခွဲနှင့် နိုင်ငံပေါင်း (၁၁၉)ခုတွင် ဆိပ်ကမ်း (၃၉၃)ခုအထိ ရှိနေပြီဖြစ်ကြောင်း ILSTC's Coordination Center for Logistics and Operation ၏ ဒါရိုက်တာ Liu Wei က ပြောကြားခဲ့ကြောင်း သိရှိရပါသည်။

ယခုအချိန်ထိ ကုန်သွယ်ရေးစင်္ကြံသစ်သည် ချုံချင့်မြို့နှင့် Sichuan၊ Guizhou၊ Hainan၊ Guangdong province ရှိ Zhanjiang နှင့် Hunan province ရှိ Huaihua မြို့တို့အပါအဝင် ပြည်နယ်အဆင့်ဒေသ (၁၃)ခုအထိ တိုးချဲ့ထားပြီးဖြစ်ကြောင်း၊ ကုန်းတွင်းပိတ် အနောက်ပိုင်းဒေသများနှင့် အာဆီယံနိုင်ငံများအကြား ကမ်းရိုးတန်းမှတစ်ဆင့် ပိုမိုလျင်မြန်စွာ ချိတ်ဆက်ထားသည့် လမ်းကြောင်းတစ်ခုဖြစ်ကြောင်း သိရှိရပါသည်။

Agribusiness & Trade

အဆိုပါကုန်သွယ်ရေးစင်္ကြံသစ်မှတစ်ဆင့် ချုံချင့်မြို့၏ ကုန်စည်ပို့ဆောင်မှုပမာဏနှင့် တန်ဖိုးသည် နှစ်ဆဖြစ်လိမ့်မည်ဖြစ်ပြီး အာဆီယံနိုင်ငံများနှင့် တင်သွင်းတင်ပို့မှုပမာဏသည် ကုန်စည်ပို့ဆောင်မှုစုစုပေါင်း၏ (၇၀)ရာခိုင်နှုန်းကျော် ရှိမည်ဖြစ်ကြောင်းနှင့် ထောက်ပံ့ပို့ဆောင်ရေးကုန်ကျစရိတ်ကို (၂၀)ရာခိုင်နှုန်းနှင့် စုစုပေါင်းသယ်ယူပို့ဆောင်ရေးအချိန်ကို (၃၀)ရာခိုင်နှုန်း အသီးသီးလျှော့ချပေးနိုင်မည်ဖြစ်ကြောင်း သိရှိရပါသည်။

Source: [www.chinadaily.com.cn/a/202305/19/WS6466b0eba310b6054fad3d0e.html](www.chinadaily.com.cn/a/202305/19/WS6466b0eba310b6054fad3d0e.html)

ကေခိုင်ကျော်၊ စီးပွားရေးသံမှူး

နန်နင်း

.....................................................................................

## တရုတ်နိုင်ငံသည် RCEP အောက်မှ ပင်ရင်းနိုင်ငံ သက်သေခံလက်မှတ်ပေါင်း (၂၀၀,၀၀၀) ကျော်ကို ထုတ်ပေးခဲ့

တရုတ်အာဏာပိုင်များသည် ၂၀၂၃ ခုနှစ်၊ မတ်လအထိ ဒေသတွင်းဘက်စုံစီးပွားရေးပူးပေါင်းဆောင်ရွက်မှု(RCEP) သဘောတူညီချက်အောက်မှ ပင်ရင်းနိုင်ငံသက်သေခံလက်မှတ်ပေါင်း (၂၀၁၇၀၀) ကို ထုတ်ပေးခဲ့ပြီးဖြစ်ကြောင်း တရုတ်ကုန်သွယ်ရေးကောင်စီက (၁၀-၅-၂၀၂၃) ရက်နေ့တွင် ပြောကြားခဲ့ကြောင်း သိရှိရပါသည်။

အဆိုပါ CO Form များ၏ စုစုပေါင်း ပို့ကုန်တန်ဖိုးသည် အမေရိကန်ဒေါ်လာ (၈.၄၁)ဘီလီယံရှိပြီး တရုတ်ထုတ်ကုန်များအတွက် အမေရိကန်ဒေါ်လာ (၁၂၆) သန်း အခွန်သက်သာခွင့်ရရှိရန် မျှော်လင့်ထားကြောင်း နိုင်ငံတကာကုန်သွယ်မှုမြှင့်တင်ရေးကောင်စီ၏ ပြောရေးဆိုခွင့်ရှိသူ Wang Linjie က သတင်းစာရှင်းလင်းပွဲတွင် ပြောကြားခဲ့ကြောင်း သိရှိရပါသည်။

RCEP သဘောတူညီချက်သည် ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလ (၁)ရက်နေ့မှ စတင်အသက်ဝင်ခဲ့ကြောင်းနှင့် RCEP အဖွဲ့ဝင်များနှင့် ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှု ပူးပေါင်းဆောင်ရွက်မှုများချဲ့ထွင်ရန် ကောင်စီသည် စက်မှုလုပ်ငန်းနှင့် စီးပွားရေးလုပ်ငန်းများကို ပံ့ပိုးကူညီခဲ့သည်ဟု Wang က ပြောကြားခဲ့ကြောင်း သိရှိရပါသည်။

RCEP ၏ ပင်ရင်းနိုင်ငံသက်သေခံလက်မှတ်များကို လုပ်ငန်းအများအပြားက ပိုမိုလက်ခံလာခဲ့ကြပြီး ကမ္ဘာ့ဈေးကွက်တွင် တရုတ်နိုင်ငံ၏ နိုင်ငံခြားကုန်သွယ်မှုဆောင်ရွက်သည့်ကုမ္ပဏီများအတွက် ထင်သာမြင်သာရှိသော အကျိုးကျေးဇူးများကို ရရှိစေခဲ့ကြောင်း Wang က ပြောကြားခဲ့ပါသည်။

Agribusiness & Trade

ယခုနှစ် ပထမသုံးလပတ်တွင် တရုတ်နိုင်ငံအနေဖြင့် RCEP ပင်ရင်းနိုင်ငံသက်သေခံလက်မှတ်စုစုပေါင်း (၄၅,၇၀၀)ကို ထုတ်ပေးခဲ့ပြီး ယခင်နှစ်ထက် (၁၀၅.၅၄) ရာခိုင်နှုန်း တိုးလာ၍ အမေရိကန်ဒေါ်လာ (၁.၆၄)ဘီလီယံခန့် ရှိသည်ဟု Wang က ပြောကြားခဲ့ကြောင်း သိရှိရပါသည်။

Source: https://english.news.cn/20230426/00de71c8e71f44db83fc3ef727939042/c.html

ကေခိုင်ကျော်၊ စီးပွားရေးသံမှူး

နန်နင်း

## RCEP နှင့် Bilateral FTA များသည် ကမ္ဘောဒီးယားတွင် ရင်းနှီးမြှုပ်နှံသူများအတွက် ပိုမိုအဆင်ပြေသော ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှု အခွင့်အလမ်းများကို ဖန်တီးပေးလျက်ရှိ

ဒေသတွင်း ဘက်စုံစီးပွားရေးပူးပေါင်းဆောင်ရွက်မှု(RCEP)နှင့် နှစ်နိုင်ငံ လွတ်လပ်သော ကုန်သွယ်ရေးသဘောတူညီချက်များ (FTAs)သည် ကမ္ဘောဒီးယားတွင် ရင်းနှီးမြှုပ်နှံသူများအတွက် ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှု အခွင့်အလမ်းများကို ရရှိစေခဲ့ကြောင်း ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အကြီးတန်းအရာရှိတစ်ဦးက ပြောကြားခဲ့ကြောင်း သိရှိရပါသည်။

ကမ္ဘောဒီးယားနိုင်ငံသည် ကမ္ဘာ့အကြီးဆုံးလွတ်လပ်သော ကုန်သွယ်ရေးသဘောတူညီချက်ဖြစ်သည့် RCEP အပြင် တရုတ်နှင့် တောင်ကိုရီးယားတို့နှင့်လည်း နှစ်နိုင်ငံချင်း လွတ်လပ်သောကုန်သွယ် ရေးသဘောတူညီချက်များရှိကြောင်း သိရှိရပါသည်။

RCEP တွင် အာဆီယံ (၁၀) နိုင်ငံနှင့် ၎င်းတို့၏ ကုန်သွယ်ဖက်(၅) နိုင်ငံဖြစ်သည့် တရုတ်၊ ဂျပန်၊ တောင်ကိုရီးယား၊ ဩစတြေးလျနှင့် နယူးဇီလန်တို့ အပါအဝင် အာရှ-ပစိဖိတ်နိုင်ငံ (၁၅) နိုင်ငံ ပါဝင်ပါသည်။

ဖနောင်ပင်မြို့တွင် ကျင်းပခဲ့သည့် ကမ္ဘောဒီးယားနှင့် တရုတ်နိုင်ငံတောင်ပိုင်း ကွမ်ရှီးကျွမ့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတို့အကြား စီးပွားရေးဖိုရမ်၌ ကမ္ဘောဒီးယားနိုင်ငံ၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အတွင်းရေးမှူး Chhuon Dara က ရင်းနှီးမြှုပ်နှံသူများနှင့် ပို့ကုန်လုပ်ငန်းရှင်များကို အဆိုပါ လွတ်လပ်သောကုန်သွယ်ရေးသဘောတူစာချုပ်မှတစ်ဆင့် အကျိုးအမြတ်များများ ရယူရန် တိုက်တွန်းခဲ့ကြောင်း သိရှိရပါသည်။

လွတ်လပ်သောကုန်သွယ်ရေးသဘောတူညီချက်များနှင့် ကမ္ဘောဒီးယားနိုင်ငံ၏ ကောင်းမွန်သော ရင်းနှီးမြှုပ်နှံမှုဥပဒေသစ်တို့ပေါင်းစပ်ပါက ရင်းနှီးမြှုပ်နှံသူများနှင့် ပို့ကုန်လုပ်ငန်းရှင်များသည် ၎င်းတို့၏ ကမ္ဘောဒီးယားထုတ်ကုန်များကို တရုတ်၊ တောင်ကိုရီးယားနှင့် အခြား RCEP အဖွဲ့ဝင်နိုင်ငံများကို အကောက်ခွန်သက်သာစွာဖြင့် တင်ပို့နိုင်မည်ဖြစ်သည့်အတွက် ရင်းနှီးမြှုပ်နှံသူများနှင့် ပို့ကုန်

လုပ်ငန်းရှင်များအနေဖြင့် အကျိုးများစွာရှိမည်ဖြစ်ကြောင်း ၎င်းက ပြောကြားခဲ့ပါသည်။ ဖိုရမ်သို့ ကမ္ဘောဒီးယားနှင့် တရုတ်စီးပွားရေးလုပ်ငန်းရှင် (၂၀၀)ဦးခန့် တက်ရောက်ခဲ့ကြောင်း သိရှိရပါသည်။

တစ်ချိန်တည်းတွင် တရုတ်နိုင်ငံသည် ကြီးမားသောဈေးကွက်တစ်ခုဖြစ်ပြီး ကမ္ဘောဒီးယားနိုင်ငံ၏ စိုက်ပျိုးရေးထွက်ကုန်များကို အဓိကတင်သွင်းသည့်နိုင်ငံဖြစ်ကြောင်း Dara က ပြောကြားခဲ့ပါသည်။ RCEP၊ ကမ္ဘောဒီးယား-တရုတ်လွတ်လပ်သောကုန်သွယ်ရေးသဘောတူစာချုပ်၊ Belt and Road Initiative (BRI) နှင့် Lancang-Mekong Cooperation (LMC) ယန္တရားတို့သည် ကမ္ဘောဒီးယားနှင့် အခြားအဖွဲ့ဝင်နိုင်ငံများ၏ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်မှုအတွက် အခွင့်အလမ်းများစွာ ဖန်တီးပေးခဲ့ကြောင်း ကမ္ဘောဒီးယား ကုန်သည်ကြီးများအသင်း ဒုတိယဥက္ကဋ္ဌ Lim Heng ကလည်း ပြောကြား ခဲ့ပါသည်။

ကမ္ဘောဒီးယားနိုင်ငံသည် ယခုနှစ်တွင် ဖိလစ်ပိုင်နှင့် ဗီယက်နမ်တို့နှင့်အတူ စီးပွားရေးအခိုင်မာဆုံး RCEP သုံးနိုင်ငံစာရင်းတွင် ပါဝင်ခဲ့ကြောင်း ကမ္ဘာ့စီးပွားရေးအလားအလာ အစီရင်ခံစာတွင် နိုင်ငံတကာငွေကြေးရန်ပုံငွေအဖွဲ့ (IMF) က ပြောကြားခဲ့ကြောင်း သိရှိရပါသည်။

ကမ္ဘောဒီးယားနိုင်ငံသည် ဗီယက်နမ်နှင့်အတူ ဒုတိယနေရာတွင် ရပ်တည်နေပြီး ယခုနှစ်တွင် စီးပွားရေး (၅.၈) ရာခိုင်နှုန်း တိုးတက်မည်ဟု ခန့်မှန်းထားပြီး ဖိလစ်ပိုင်စီးပွားရေးမှာ (၆)ရာခိုင်နှုန်း တိုးတက်မည်ဟု ခန့်မှန်းထားကြောင်း သိရှိရပါသည်။

Source: https://english.news.cn/20230422/20998b66e79641dcba8ba963df8209b3/c.html
ကေခိုင်ကျော်၊ စီးပွားရေးသံမှူး
နန်နင်း

## အိန္ဒိယနှင့် အီဂျစ် ယှဉ်ပြိုင်မှုကော်မရှင် အဖွဲ့အစည်းအများအကြား နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးရန် အတည်ပြုချက်ရရှိ

အိန္ဒိယနိုင်ငံယှဉ်ပြိုင်မှုကော်မရှင် ( Competition Commission of India – CCI )နှင့် အီဂျစ်နိုင်ငံယှဉ်ပြိုင်မှုအာဏာပိုင်အဖွဲ့( Egyptian Competition Authority – ECA) အကြား နားလည်မှုစာချွန်လွှာရေးထိုးရန် ဗုဒ္ဓဟူးနေ့ကပြုလုပ်သည့် အစိုးရအဖွဲ့အစည်းအဝေးတွင် အတည်ပြုလိုက်ကြောင်း၊ အဆိုပါနားလည်မှုစာချွန်လွှာသည် နှစ်နိုင်ငံအဖွဲ့ အစည်းများအကြား ယှဉ်ပြိုင်မှု ဥပဒေ၊ မူဝါဒများကို ပူးပေါင်းဆောင်ရွက်ရန်၊ သတင်းအချက်အလက်နှင့်လုပ်ထုံးလုပ်နည်းများ မျှဝေရန်နှင့် စွမ်းဆောင်ရည်မြှင့်တင်ရေး အစီအစဉ်များတွင် ပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင်ဆောင်ရွက်နိုင်ရန်နှင့် ယှဉ်ပြိုင်မှုဥပဒေအား အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် အတွေ့အကြုံများ ဖလှယ်နိုင်

ရန်နှင့် ချိတ်ဆက်ဆောင်ရွက်မှုများ တိုးမြှင့်ဆောင်ရွက်နိုင်ရန် ရည်ရွယ်သည်ဟု သတင်းထုတ်ပြန်ချက်တွင် ဖော်ပြထားကြောင်း Business Standard သတင်းစာက ဖော်ပြထားပါသည်။

Source : MoU signing between India, Egypt competition regulators gets nod, Business Standard

မျိုးမြင့်မောင်၊ စီးပွားရေးသံမှူး
နယူးဒေလီ

.................................................................

## အိန္ဒိယနိုင်ငံတွင် ရူပီး ၂၀၀၀ တန်ငွေ စက္ကူများအား ပြန်လည်သိမ်းဆည်းခြင်းသည် စီးပွားရေးကို ထိခိုက်ခြင်း ရှိမည်မဟုတ်ကြောင်း ယခင်ဘဏ္ဍာရေး အတွင်းရေးမှူးက

ရူပီး ၂၀၀၀ တန် ငွေစက္ကူများ ပြန်လည်သိမ်းဆည်းခြင်းသည် အိန္ဒိယနိုင်ငံ၏ စီးပွားရေးနှင့် ငွေကြေးမူဝါဒများအပေါ်တွင် လုံးဝသက်ရောက်မှုရှိမည် မဟုတ်ဟု ယခင် ဘဏ္ဍာရေးအတွင်းရေးမှူးဖြစ်သူ Subhash Chandra Garg က စနေနေ့တွင် ပြောကြားခဲ့ကြောင်း Business Standard သတင်းစာတွင် ဖော်ပြထားပါသည်။

Subhash Chandra Garg က ၂၀၁၆ ခုနှစ်က ငွေစက္ကူများ ပြန်လည်သိမ်းဆည်းသည့်အချိန်တွင် ဈေးကွက်အတွင်း ငွေကြေးယာယီ လိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ရန်အတွက် ရူပီး ၂၀၀၀ တန် ငွေစက္ကူများကို ရိုက်နှိပ်ခဲ့ခြင်းဖြစ်ပါကြောင်း၊ပြီးခဲ့သည့် ၅ နှစ်၊ ၆ နှစ်တာ ကာလအတွင်း ဒီဂျစ်တယ်ငွေပေးချေမှုများ လျင်မြန်စွာဖွံ့ဖြိုးလာခြင်းနှင့်အတူ ငွေ စက္ကူ ၂၀၀၀ တန်များကို ပြန်လည်သိမ်းဆည်းခြင်းသည် ဈေးကွက်အတွင်း ငွေကြေးလည်ပတ်မှုကို ထိခိုက်ခြင်း မရှိသကဲ့သို့ ငွေကြေးဆိုင်ရာမူဝါဒများအပေါ်တွင်လည်း သက်ရောက်မှုရှိမည် မဟုတ်ကြောင်း၊ ပြည်တွင်း အသားတင်ထုတ်လုပ်မှုတန်ဖိုး (GDP) နှင့် လူမှုဖူလုံရေးဆိုင်ရာကိစ္စရပ်များတွင်လည်း သက်ရောက်မှုရှိမည်မဟုတ်ဟု ပြောကြားခဲ့ပါကြောင်း သိရှိရပါသည်။

ပြီးခဲ့သည့်သောကြာနေ့က Reserved Bank of India – RBI က ရူပီး ၂၀၀၀ တန် ငွေစက္ကူများကို ပြန်လည်သိမ်းဆည်းမည်ဟု ရုတ်တရက် ကြေညာခဲ့ပါကြောင်း၊ သို့ရာတွင် အဆိုပါ ငွေစက္ကူများကို ၂၀၂၃ ခုနှစ် စက်တင်ဘာလ ၃၀ ရက်အထိ ဘဏ်အကောင့်များ၌ ငွေသား အပ်နှံခြင်းနှင့် ဘဏ်များသို့ လာရောက်၍ တခြားငွေစက္ကူများနှင့် လဲလှယ်ခြင်းတို့ကို ခွင့်ပြုပေးသွားမည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် ဈေးကွက်အတွင်းရှိ ရူပီး ၂၀၀၀ တန် ငွေစက္ကူများသည့် RBI သို့ အားလုံးပြန်လည်ဝင်ရောက်လာမည်ဖြစ်ပါကြောင်း၊ အဆိုပါ ငွေစက္ကူများမှာ ငွေကြေးဈေးကွက်တွင် အနည်းငယ်သာ ပါဝင်မှုရှိခြင်းနှင့် နေ့စဉ်ငွေ ပေးချေမှုများတွင် ကျယ်ကျယ်ပြန့်ပြန့် အသုံးပြုမှုမရှိခြင်းတို့

ကြောင့် မည်သူမျှ ငွေကြေးဆုံးရှုံးခြင်း၊ အဆင်မပြေဖြစ်ခြင်းတို့ကြုံတွေ့ရမည် မဟုတ်ကြောင်း Grag က ပြောကြားထားပါသည်။

ငွေစက္ကူပြန်လည်သိမ်းဆည်းခြင်းနှင့် စပ်လျဉ်း၍ ရူပီး ၂၀၀၀ တန် ငွေစက္ကူ သုံးစွဲခြင်းကို လုံးဝရပ်ဆိုင်းလိုက်ခြင်းမဟုတ်ကြောင်း၊ ငွေကြေးသတ်မှတ်ချက်မှ တရားဝင်ရပ်ဆိုင်းခြင်းကို RBI က ဆောင်ရွက်နိုင်ခြင်းမရှိဘဲ အစိုးရကသာ ဆောင်ရွက်နိုင်ခြင်းဖြစ်ပါကြောင်း၊ ထို့ကြောင့် ရူပီး ၂၀၀၀ တန် ငွေစက္ကူများသည် တရားဝင်ငွေကြေးအဖြစ် ဆက်လက်တည်ရှိနေမည်ဖြစ်ပါကြောင်း၊ RBI ၏ ယခု စီမံ ဆောင်ရွက်ချက်သည် ပြည်သူများအား ရူပီး၂၀၀၀ တန် ငွေစက္ကူများ သုံးဆွဲခြင်းမှ အခြားသော ငွေစက္ကူများနှင့် ဈေးကွက်တွင် လဲလှယ်သုံးစွဲရန် တဖြေးဖြေးချင်း ကြိုးစားဆောင်ရွက် ခြင်းဖြစ်သည်ဟု RBI မှ ရှင်းလင်းပြောကြားထားကြောင်းလည်း Business Standard သတင်းစာ တွင် ဖော်ပြထားပါသည်။

ငွေကြေးဈေးကွက် တည်ငြိမ်မှုရှိစေရန် ဆောင်ရွက်ခံသည့် ကာလအတွင်း ငွေကြေး ဌာနခွဲနှင့် စီးပွားရေးဆိုင်ရာ အတွင်းရေးမှူးဖြစ်သူ Garag က ရူပီး ၂၀၀၀ တန်ငွေစက္ကူများ ကို စနစ်တကျ စီမံပြီး ထုတ်ဝေခဲ့ခြင်းမဟုတ်ဘဲ လတ်တလော အဆင်ပြေစေရန်အတွက် ဆောင်ရွက်ခဲ့ခြင်းဖြစ်ပါ ကြောင်း၊ အစိုးရအနေဖြင့် အချို့သော ငွေစက္ကူများကို လုံးဝရပ်ဆိုင်းခြင်းမပြုမီ လအနည်းငယ်တွင် ပိုမိုတန်ဖိုးကြီးမားသည့် ရူပီး ၂၀၀၀ တန် ငွေစက္ကူများကို ထုတ်ဝေမှု ဆောင်ရွက်ခဲ့ခြင်းဖြစ်နိုင်ပါ ကြောင်း၊ ငွေကြေးဈေးကွက်အတွင်း ရူပီး ၂၀၀၀ တန်ငွေစက္ကူ ထုတ်ဝေရန် သေသေချာချာ ပြောဆိုနိုင်ခြင်းမရှိပါကြောင်းနှင့် ကတိုက်ကရိုက်ထုတ်ဝေဖြန့်ချီခဲ့ရခြင်းဖြစ်ပါကြောင်း၊ အဆိုပါ ငွေစက္ကူများကို ငွေကြေးဈေးကွက်အတွင်း လျော့ချမှုကိုလည်း သိပ်မကြာခင်မှာပင် ဆောင်ရွက်ခဲ့ ကြပါကြောင်း၊ ၂၀၁၇ ဇူလိုင်လနှင့် ဩဂုတ်လတို့တွင် ရူပီး ၂၀၀၀ တန်ငွေစက္ကူများ ထပ်မံရိုက် နှိပ်ခြင်း မပြုရန် ဆုံးဖြတ်ခဲ့သည့်အချိန်တွင် အဆိုပါ ငွေစက္ကူများ၏ စုစုပေါင်းတန်ဖိုးမှာ ဈေးကွက် အတွင်း၌ ရူပီး သန်းပေါင်း ၇ သန်းခန့်ရှိခဲ့ပါကြောင်း၊ ၂၀၁၈ ခုနှစ်၊ မတ်လနှင့် ဧပြီလအတွင်း ငွေကြေးလည်ပတ်မှု လိုအပ်ချက်ရှိခဲ့သည့်အချိန်တွင်မှ ရူပီး ၂၀၀၀ တန် ငွေစက္ကူ အနည်းငယ်ရိုက် နှိပ်ခဲ့သော်လည်း ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင် လုံးဝရပ်ဆိုင်းခဲ့ပါကြောင်း၊ ထိုသို့ ရပ်ဆိုင်းလိုက်ခြင်း နှင့်အတူ အဆိုပါငွေကြေးကို ဈေးကွက်မှ ဖယ်ရှားမည်မှာလည်း ပိုမိုထင်ရှားလာပါကြောင်း၊ ထို့ကြောင့် အစိုးရက ၂၀၁၈-၂၀၁၉ ခုနှစ်တွင် ငွေထုတ်ယူမှုများ လွယ်ကူအဆင်ပြေစေရေးအတွက် ရူပီး ၅၀၀ တန် ငွေစက္ကူများကို ပုံမှန်ထက် ပိုမိုရိုက်နှိပ်ထုတ်ဝေခဲ့ပါကြောင်း၊ ရူပီး ၂၀၀၀ တန် ငွေစက္ကူများကို ငွေကြေးဈေးကွက်တွင် တဖြေးဖြေးလျော့ချနိုင်ရေး ဆောင်ရွက်လာခဲ့ရာ ၂၀၁၇ ခု နှစ်၊ မတ်လတွင် ၇၅ ရာခိုင်နှုန်း ရှိခဲ့ရာမှ ၂၀၂၃ ခုနှစ်၊ မတ်လ တွင် ၁၀.၈ ရာခိုင်နှုန်းသာ ကျန်ရှိသည် ဟု ပြောကြားထားကြောင်း Business Standard သတင်းစာတွင် ဖော်ပြထားပါသည်။

Agribusiness & Trade

ရင်းနှီးမြှုပ်နှံမှုနှင့် ဝန်ဆောင်မှုဆိုင်ရာကုမ္ပဏီ တစ်ခုဖြစ်သည့် ICRA ၏ ဒုဥက္ကဋ္ဌ ဖြစ်သူ Karthik Srinivasan က RBI ၏ ရူပီး ၂၀၀၀ တန် ငွေစက္ကူများ ပြန်လည် သိမ်းဆည်းမှုကြောင့် လာမည့်ကာလတွင် ဘဏ်များသို့အပ်နှံငွေများ အနည်းငယ်တိုးတက်လာမည်ဖြစ်ပါကြောင်း၊ ဘဏ် အပ်နှံငွေ အတိုးနှုန်း မြင့်မားမှုဖိအားကိုလည်း လျှော့ချနိုင်မည်ဖြစ်ပါကြောင်း၊ ထို့အတူ ကာလတို အတိုးနှုန်းပေါ်တွင်လည်း အတန်အသင့် တက်ရောက်မှုရှိလာနိုင်သည်ဟု ပြောကြားထားကြောင်း ဖော်ပြထားပါသည်။

Colliers India ၏ သုတေသနမှူး ဖြစ်သူ Vimal Nadar ကလည်း ယခုကဲ့သို့ ငွေစက္ကူ ပြန်လည်သိမ်းဆည်းခြင်းသည် တန်ဖိုးကြီးမားသည့် အိမ်၊ ခြံ၊ မြေ ငွေပေးချေမှု များတွင် ငွေသားနှင့် ပေးချေမှုများကို လျှော့ချနိုင်ခြင်း (သို့မဟုတ်) ဖယ်ရှားနိုင်မည်ဖြစ်ပါကြောင်း၊ ပြီးခဲ့သည့်နှစ်အနည်း ငယ်အတွင်း ငွေကြေးအမျိုးအစားအချို့ကို ဖယ်ရှားခဲ့ချိန်၌ အိမ်ခြံမြေကဏ္ဍတွင် ပွင့်လင်းမြင်သာမှု ကို သိသာထင်ရှားစွာ ဆောင်ရွက်နိုင်ခဲ့ပါကြောင်း၊ အဓိကအားဖြင့် မျှတသည့် ဈေးကွက်ပေါက်ဈေး နှုန်းများကို ချမှတ်ဆောင်ရွက်နိုင်ခဲ့သည်ဟု ပြောကြားထားကြောင်း Business Standard သတင်း စာတွင် ဖော်ပြထားပါသည်။

Source: Rs 2,000 note withdrawal non–event, won't impact economy: Ex–
finance secy, Business Standard

မျိုးမြင့်မောင်၊ စီးပွားရေးသံမှူး
နယူးဒေလီ

……………………………………………………………………………………………………

Agribusiness & Trade